# ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

# နိုင်ငံတော်ကောင်စီ

# ၁၉၇၅ခုနှစ်၊ နိုင်ငံတော်၏ နောက်ထပ်ဘဏ္ဍာငွေအရ -အသုံးဆိုင်ရာဥပဒေ

**[၁၉၇၅ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၁]**

**ရန်ကုန်မြို့၊ ၁၃၃၆ခု၊ ပြာသိုလပြည့်ကျော် ၁၀ ရက်။**

**(၁၉၇၅ခု၊ ဖေဖေါ်ဝါရီလ၅ ရက်။)**

အောက်ဖေါ်ပြပါဥပဒေကိုထုတ်ပြန်ကြေညာသည်။

## နိဒါန်း

၁၉၇၄ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရ-အသုံးဆိုင်ရာ ဥပဒေ(၁၉၇၄ခုနှစ်၊ ပြည်သူ့လွှတ် တော်ဥပဒေအမှတ်၅) အရ၊ ၁၉၇၄-၇၅ခု၊ ဘဏ္ဍာရေးနှစ်အတွက် ရာထားသောရငွေများနှင့် ခွင့်ပြုထား သော သုံးငွေများအပြင်၊ နောက်ထပ် ရငွေများ ရာထားရန်နှင့် သုံးငွေများခွင့်ပြုရန်လိုအပ်သောကြောင့် ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့်အဓိပ္ပါယ်ဖေါ်ပြချက်

၁။ (က) ဤဥပဒေကို **၁၉၇၅ ခုနှစ်၊ နိုင်ငံတော်၏ နောက်ထပ် ဘဏ္ဍာငွေအရ-အသုံးဆိုင်ရာ ဥပဒေ**ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၁၉၇၄-၇၅ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်ရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖေါ်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရ မည်-

(က) **နောက်ထပ်ရာထားသောရငွေ** ဆိုသည်မှာ ၁၉၇၄ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရ-အသုံးဆိုင်ရာ ဥပဒေအရ၊ ရာထားသောရငွေများအပြင် နောက်ထပ် ရာထားသည့် ရငွေများကို ဆိုသည်။

(ခ) **နောက်ထပ်ခွင့်ပြုသောသုံးငွေ** ဆိုသည်မှာ ၁၉၇၄ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရ-အသုံးဆိုင်ရာ ဥပဒေအရ၊ ခွင့်ပြုထားသည့်သုံးငွေများအပြင် နောက်ထပ်ခွင့်ပြုသည့် သုံးငွေများကိုဆိုသည်။

## အခန်း(၂)

## နောက်ထပ်ဘဏ္ဍာရံပုံငွေများကို စီမံခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်

၃။ ဤဥပဒေတွင် ဖေါ်ပြထားသည့် နောက်ထပ်ရာထားသောရငွေနှင့်ပတ်သတ်၍ စီမံစည်းကြပ်ကောက်ခံ ရာတွင်လည်းကောင်း၊ နောက်ထပ်ခွင့်ပြုသော သုံးငွေနှင့်ပတ်သတ်၍ စီမံခန့်ခွဲရာတွင်လည်းကောင်း၊ ၁၉၇၄ခုနှစ်၊

နိုင်ငံတော်၏ ဘဏ္ဍာငွေအရ -အသုံးဆိုင်ရာ ဥပဒေအပိုင်း၂၊ ဘဏ္ဍာရံပုံငွေအခန်း ၁၊ ပြည် ထောင်စု၏ဘဏ္ဍာ ရံပုံငွေနှင့် နိုင်ငံတော်၏ အာဏာပိုင်အဖွဲ့အစည်းများ၏ ဘဏ္ဍာရံပုံငွေနှင့် စပ်လျဉ်း သည့် ဖော်ပြချက်ပါအတိုင်း ဆောင်ရွက်ရမည်။

၄။ (က) ဤဥပဒေပါ နောက်ထပ်ရာထားသော ရငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အ သီးသီးသည် အောက်ပါဇယား(၁)၊ (၂)၊ (၃)နှင့် (၄) တို့တွင် မိမိနှင့်ယှဉ်တွဲ ဖော်ပြထားသည့်ရငွေကို စီမံစည်းကြပ် ကောက်ခံရမည်။

(ခ) ပုဒ်မခွဲ(က) ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးထားသည့် ရငွေကို စီမံစည်းကြပ်ကောက်ခံရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လုပ်ပိုင် ခွင့် အပ်နှင်းနိုင်သည်။

(ဂ) ရငွေကို စီမံစည်းကြပ် ကောက်ခံရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ ၊၁၉၇၄ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရ- အသုံးဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များ၊ ရငွေအတွက် ပြဋ္ဌာန်းထားသည့် ဥပဒေများ၊ နည်းဥပဒေများ၊စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဆောင်ရွက်ရမည်။

၅။ (က) ဤဥပဒေပါ နောက်ထပ်ခွင့်ပြုသော သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီး သီးသည် အောက်ပါဇယား(၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့် ယှဉ်တွဲ ဖော်ပြထားသည့် သုံးငွေကို စီ မံခန့်ခွဲရမည်။

(ခ) ပုဒ်မခွဲ(က) ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးထား သည့် သုံးငွေကိုစီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လုပ်ပိုင်ခွင့် အပ် နှင်းနိုင်သည်။

(ဂ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ ၊၁၉၇၄ ခုနှစ်၊နိုင်ငံတော်၏ ဘဏ္ဍာငွေအရ- အသုံးဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များ၊ဘဏ္ဍာရေးနည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အ မိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ပုံ) နေဝင်း၊
ဥက္ကဋ္ဌ၊
နိုင်ငံတော်ကောင်စီ၊
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၃၆ ခု၊ ပြာသိုလပြည့်ကျော် ၁၀ ရက်၊
(၁၉၇၅ ခု၊ ဖေဖော်ဝါရီလ ၅ ရက်။)

အမိန့်အရ၊
(ပုံ) မြကျော်၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်။
နိုင်ငံတော်ကောင်စီရုံး။

Myanmar Law Information System (MLIS)

----- **Attachment** -----

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ပြည်သူ့လွှတ်တော်၊ နိုင်ငံတော်ကောင်စီ၊ ဝန်ကြီးအဖွဲ့၊ ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့၊ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်များဇယား(၁)

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများဇယား (၂)

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မတီနှင့် ဘဏ်စသည့် အဖွဲ့အစည်းများဇယား (၃)

[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 စည်ပင်သာယာရေးအဖွဲ့များဇယား (၄)

Myanmar Law Information System (MLIS)